လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)


## ထူးခြားကောင်းမွန်သောရလဒ်ကောင်းတခုဖြစ်ပါသည်

၁။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တရားဝင်အစီစဉ်အဖြစ် အတည်ပြုဆုံးဖြတ်နိုင်ခဲ့ခြင်းမှာ **'ထူးခြားကောင်းမွန်သော ရလဒ်ကောင်း'** တစ်ခုဖြစ်ပါသည်။

၂။ ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ကမြန်မာ့အရေးကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တရားဝင်ထည့်သွင်းဆွေးနွေးရေးအဆိုကိုထောက်ခံမဲ(၁၀)မဲ၊ ကန့်ကွက်မဲ(၄)မဲ၊ ကြားနေမဲ (၁)မဲဖြင့်အတည်ပြုဆုံးဖြတ်လိုက်သည်ကိုလူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက လှိုက်လှဲစွာကြိုဆိုပါသည်။

၃။ ထိုသို့ တရားဝင်ထည့်သွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ကျွန်တော်တို့ပါတီက ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၄။ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယခုရရှိလာသော ရလဒ်ကောင်းကိုအခြေခံ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (နအဖ)စစ်အစိုးရ တို့ အကြားတွင် တွေ့ဆုံဆွေးနွေးရေးအလျှင်အမြန် ဖြစ်ပေါ်လာစေရေးအတွက် တိကျထိရောက်သော နောက်ဆက်တွဲဆောင်ရွက်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ အင်အားစုအားလုံး ပါဝင်နိုင်သည့် တန်းတူရည်တူဒီမိုကရေစီအပြည့်အဝရှိသောတွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့်သာကျွန်တော်တို့တိုင်းပြည်နှင့်လူမျိုးစုံပြည်သူများ၏ အကျိုးစီးပွားများကို (၂၁)ရာစုကမ္ဘာ့အခင်းအကျင်းသစ်တွင်မှန်ကန်စွာနေရာချထားနိုင်မည်၊ ဆောင်ရွက်အကောင်အထည်ဖေါ်နိုင်လိမ့်မည်ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက အခိုင်အမာယုံကြည်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်။


ဆက်သွယ်ရန်

– ကိုခင်မောင်တင့်၊ အထွေထွေအတွင်းရေးမှူး (ယာယီ) ၀၈၁ ၀၂၁၅၄၇၀
– ကိုငွေလင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး (ယာယီ) ၀၈၉ ၇၀၂၅၆၂၃



P.O Box 50, Mae Sod, Tak Province, 63110 Thailand. Tel/Fax: 66 55 546 581